# Message Three

**ဘုရားသခင်သည် ကျွန်ုပ်တို့၏ ပူးပေါင်းလုပ်ဆောင်ခြင်းကိုလိုအပ်ခြင်းသည်သူ၏ အလိုတော်ထင်ရှားခြင်း အတွက် ဆုတောင်းဖို့ရန် ဖြစ်သည်။**

ကျမ်းပိုဒ်ဖတ်ရန်၊ ၁ကော၊ ၆:၁၇၊ မသဲ၊ ၆:၁၀, ၇:၂၁; ၁၂:၅၀, ၁ယောဟန် ၅:၁၄-၁၆ ယောဟန် ၁၅:၇

**I. သူ၏ အလိုတော် မြေကြီးပေါ်၌ လုပ်ဆောင်ပြီးမြောက်ဖို့ရန်နှင့် သူ၏အကြံအစည်တော် ပြည့်စုံဖို့ရန် အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ပူးပေါင်းလုပ်ဆောင်ခြင်း ကိုလိုအပ်နေသည်။ 1cor:6:17; matt.7:11; 12:50**

A. ဘုရားသခင်သည် မြေကြီးပေါ်၌ သူ၏ ကောင်းကင်စီမံကိန်းကို သူနှင့်အတူတကွ ပူးပေါင်းနိုင်သော သူများ ရရှိမှသာ သယ်ဆောင်နိုင်မည်ဖြစ်သည်။ John 7:17; 15:4-5

1. ဘုရားသခင်သည် မြေကြီးပေါ်၌ သူ၏ စိတ်အလို(His mind)နှင့် ကိုက်ညီစွာ အတူတကွပူးပေါင်း၊ လုပ်ဆောင်နိုင်သော လူများ ရယူလိုသည်။ Phil. 3:15; col.3:2

2. အကယ်၍ ဘုရားသခင်၏ စိတ်အသိဉာဏ်( same mind as God) နှင့် တူညီသောသူများ၊ သူနဲ့ အတူတကွ လုပ်ဆောင်ဖို့ရန် လိုအင်ဆန္ဒ(willing)ရှိသောသူများ ရှိတရွေ့၊ ဘုရားသခင်၏ အလုပ်သည် မြေကြီး ပေါ်၌ ဆက်လက် သယ်ဆောင်နိုင်မည်။ 1cor.15:58; 16:10

B. ဘုရားသခင်သည် အကန့်အသတ်ရှိ၍ ကျနော်တို့သည် သူနဲ့အတူတကွပူးပေါင်းသင့်ကြောင်း မြင်နိုင်ဖို့ ရန်၊ ကျွန်ုပ်တို့၏ မျက်စိများ ဖွင့်ဖို့ရန် လိုအပ်သည်။ matt.6:10, 18:18-19; 2cor.6:1

1. ဘုရားသခင်သည် အနန္တတန်ခိုးရှင် ဖြစ်သည်၊ သို့သော် သူ၏ အနန္တတန်ခိုးသည် အကန့်အသတ်ခံ ခြင်း အောက်၌ရှိသည်၊ အဘယ်ကြောင့်ဆိုသော် သူသည် သင့်တော်သော အခြေနေတစ်ခုရသင့်၍ သူ့အလုပ်ကို လုပ်ဆောင်ရန်ဖြစ်သည်။ john7:17; Matt. 7:21

2. လူသည် လွတ်လပ်သော ဆန္ဒဖြင့် ဖန်ဆင်းခဲ့သည်၊ ဤမှတ်ချက်သည် ဘုရားသခင်၏ အကန့်အသတ် များ အစပြုခြင်းဖြစ်သည်။ Gen. 1:26

a. ဖန်ဆင်းခြင်း၌၊ ဘုရားသခင်သည် သူ၏ အနန္တတန်ခိုးကို လူသား ဆန္ဒ၏ အကန့်အသတ် အောက်၌ ထားခဲ့သည်။ v. 28;2:9, 16-17

b. ဘုရားသခင်သည် လူ၏ဆန္ဒကို သူ့ဘက်၌ ရပ်တည်စေချင်သည်၊ ထို့ကြောင့် အကန့်အသတ်ကို သူ လက်ခံသော လိုအင်ဆန္ဒ ဖြစ်ပေါ်စေသည်။ John 4:34; 5:30; 6:38; Rom. 12:2-3

3. ခရစ်တော်၏အသက်၌ အင်္ဂါများကဲ့သို့၊ နက်နဲသောကိုယ်ခန္ဓာတော်၊ ကျွန်တော်တို့သည် သူ့ကို ထင်ရှားသောသူများ သို့မဟုတ် သူ့ကို အကန့်အသတ်ပေးသောသူများဖြစ်ကြသည်။ 1cor. 12:12-13, 18-20, 27.

a. ကိုယ်တော်သည် သူ၏အလိုတော်လုပ်ဆောင်ခြင်းရှိသမျှအတွက် လုံးလုံးဘာမှ အတားအဆီးမရှိ သော မှတ်ချက်အထိ ကျွန်ုပ်တို့ကို ခေါ်ဆောင်လိုသည်။ 6:17, Matt. 6:10; 7:21; 12:50; Eph1:1, 9; 5:17

b. ကိုယ်တော်သည် ကျွန်ုပ်တို့ကို သူ့ထံ လုံးလုံးတုံ့ပြန်တာဝန်ယူသော နေရာသို့ ခေါ်ဆောင်သောအခါ၊ သူ၏ အလိုတော် ပြီးမြောက်ပြည့်စုံဖို့ရန်အတွက် သူသည် လွတ်လွတ်လပ်လပ်(free) နှင့် အဟန့်အတားမရှိ သော လမ်းကိုရရှိမှာဖြစ်သည်၊ သို့မှသာ ဘုရားသခင်သည် သူ၏ မြေကြီးပေါ်အကြံအစည်တော် သယ်ဆောင်ဖို့ ရန် မလုပ်ဆောင်နိုင်သော အရာဘာမှ မရှိသည့်အထိ ရယူမည်ဖြစ်သည်။ Matt. 6:10; 26:39, 42; Heb. 13:21

**II. ဘုရားသခင်သည် သူ၏အလိုတော် ထင်ရှားခြင်းအတွက် ဆုတောင်းခြင်း လိုအပ်သည်။ Matt. 6:10**

A. ဘုရားသခင်သည် ရည်ရွယ်ချက်ရှိသော ဘုရားဖြစ်သည်၊ သူကိုယ်တိုင် ကျေနပ်အားရခြင်းအတွက် အလိုရှိသူ၊ ပြီးနောက် သူ၏ အလိုတော်အတွက် သူ၏ရည်ရွယ်ချက် ပြည့်စုံရန်၊ ပြီးမြောက်ရန်အတွက် အရာ ခပ်သိမ်းကို သူဖန်ဆင်းခဲ့သည်။ Rev. 4:11; Eph. 3:9-11; col. 1:9

1. ဘုရားသခင်၏ အလိုတော်သည် သူ၏ စိတ် လိုအင်ဆန္ဒဖြစ်သည်၊ လူနှင့်အတူတကွပေါင်းစည်းခြင်း နှင့် သူ၏ထာဝရ အကြံအစည်တော် ပြည့်စုံဖို့ရန် ဖြစ်သည်။ Eph1:5,9,11; 5:17.

2. ဘုရားသခင်၏ လိုအင်ဆန္ဒသည် ခရစ်တော်အတွက် ကိုယ်ခန္ဓာကို ရရှိ၍ သူ၏ပြည့်ဝခြင်း၊ သူ၏ထင်ရှားခြင်းအတွက် ဖြစ်သည်။Rom.12:2,5; Eph.1:5, 9,11, 22-23.

3. ခမည်းတော်၏ ထာဝရ အလိုတော်သည် ကျောက်ဆောင်ကဲ့သို့ဖြစ်သော သားတော်ခရစ်တော် အပေါ်

အသင်းတော် တည်ဆောက်ရန်ဖြစ်သည်။ Matt. 16:18; Eph.2:21-22;4:16.

4. နိုင်ငံတော်သည် လုံးလုံးလျှားလျှား ဘုရားသခင်၏ အလိုတော်နှင့် ဆက်စပ်၍၊ ဘုရားသခင်၏ အလိုတော် လုံးလုံးပြည့်စုံခြင်းဖြစ်သည်၊ အဖြစ်မှန်ပြောလျှင်၊ နိုင်ငံတော်သည် ဘုရားသခင်၏ အလိုတော်ဖြစ်သည်၊ matt.6:10.

5. ခရစ်တော်၌ ယုံကြည်သူများအဖြစ်၊ မြေကြီးပေါ်၌ ကျနော်တို့အသက်ရှင်ခြင်းသည် ခမည်းတော်၏ အလိုတော်ကို လုပ်ဆောင်ရန် ဖြစ်သည်၊ matt.7:21, 12:50.

a. အဘယ်သူမဆို၊ ခမည်းတော်၏ အလိုကို လုပ်ဆောင်သောသူသည် သခင်ယေရှု၏ ဆွေမျိုးတော်သည်၊ matt.12:50

b. ကျနော်တို့သည် ခမည်းတော်၏ အလိုတော် ကောင်းကင်၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌ ပြည့်စုံဖို့ရန် ဆုတောင်းရန် လိုအပ်သည်၊ ဤသို့ ဆုတောင်းခြင်းသည် ကောင်းကင်များ၏ နိုင်ငံတော်ကို မြေကြီးပေါ်သို့ ယူဆောင်ခြင်းဖြစ်သည်၊ 6:10

B. ဘုရားသခင်က သူ၏အလိုတော် ထင်ရှားခြင်းအတွက် ဆုတောင်းခြင်းများ ပူဇော်ရန် ကျွန်ုပ်တို့ကို လိုအပ်သည်၊ 1john 5:14; John. 15:17; Matt. 26:39,42; 6:10; 18:19.

1. ဆုတောင်းခြင်းသည် ယုံကြည်သူများ၏ အလိုတော်နှင့် ဘုရားသခင်း၏ အလိုတော် အတူတကွ ပေါင်းစပ်ခြင်း ဖြစ်သည်၊ John. 15:7.

2. အကြီးမားဆုံးသော အသင်းတော်၏ အသုံးပြုခြင်းသည် အမှန်တကယ် ဘုရားသခင်၏ အလိုတော် မြေကြီးပေါ်၌ ပြည့်စုံဖို့ရန်အတွက် ရပ်တည်ခြင်း ဖြစ်သည်၊ Matt. 6:10

3. အသင်းတော်အတွက် ဆုတောင်းရန် ဆိုလိုသည်မှာ ဘုရားသခင်၏ အလိုတော်ကို ရှာဖွေ၍ သူ၏အလိုတော်ကို ပြောထွက်ခြင်း ဖြစ်သည်၊ Eph.1:9; 5:17

4. အသင်းတော်အတွက် ဆုတောင်းရန် ဆိုလိုသည်မှာ ဘုရားသခင်ဘက်၌ ရပ်တည်၍ ဘုရားသခင် လိုချင်သောအရာကို အသင်းတော်ကလည်း လိုချင်ကြောင်း ကြေညာခြင်း ဖြစ်သည်၊ Matt. 18:19

5. ဘုရားသခင်၏ အလုပ်မြေကြီးပေါ်၌ ပြီးမြောက်နိုင်ဖို့ရန်အတွက်၊ မြေကြီးပေါ်တွင် ဘုရားသခင်နဲ့ သဘောတူညီနိုင်သော လိုအင်ဆန္ဒ ရှိမှသာ ဖြစ်နိုင်သည်၊ 1john. 5:14; John 15:7.

a. ဘုရားသခင်၏ အလိုတော်သည် မြေကြီးပေါ်တွင် သူနှင့်အတူ ပူးပေါင်းလုပ်ဆောင်နိုင်သော လိုအင်ဆန္ဒ ရှိမှ ပြီးမြောက်နိုင်မည်။ Matt. 6:10.

b. လူ၏အလိုတော်သည် ဘုရားသခင်၏ အလိုတော် နှင့်အတူ မရှိသရွေ့ ဘုရားသခင်သည် အကန့်အသတ်ခံသည်၊ ဘုရားသခင်သည် သူ၏အလိုတော် နှင့်အတူ ကျွန်ုပ်တို့၏ အလိုတော်နှင့် စိတ်သဘောထားညီညွတ်ခြင်း ရရှိသင့်သည်၊ John. 5:7

c. ဘုရားသခင်သည် အလိုတော် ရှိသော်လည်း၊ သူအဘယ်အရာမှမလုပ်ဆောင်ခင်၊ မြေကြီးပေါ်ရှိ လွတ်လပ်သောအလိုတော်သည် သူ၏ အလိုတော်ကို တုံ့ပြန်ရန် သူအလိုရှိသည်၊ 1john. 5:14; james.5:17-18

d. ဘုရားသခင်၏ အလိုတော်ကို ကျနော်တို့ သိပြီးနောက်၊ သူ့ထံ ကျနော်တို့ပြောနိုင်သည်၊ ကိုယ်တော်၊ ကျနော်တို့သည် ဤအရာကို သင်လုပ်စေချင်ကြသည်၊ ဤအရာကို သင်လုပ်ဆောင် သင့်ကြောင်း ကျနော်တို့ ဆုံးဖြတ်ခဲ့သည်။

e. ထိုသို့ဆုတောင်းသမျှသည် ဘုရားသခင်၏ အလိုတော် အတိုင်းမဟုတ်လျှင် အကျိုးရလဒ် မရှိပါ။ james.4:4

f. ထိုသို့ဆုတောင်းသမျှသည် ဘုရားသခင်၏ အလိုတော် အတိုင်း ပြောထွက်ခြင်းသည် တန်ခိုးအကြီးဆုံးသော အရာဖြစ်သည်။ 1john.5:14; Matt. 17:20; mark.11:22-24.

g. ဘုရားသခင် နှင့်အတူ သဘောတူညီစွာ ဆုတောင်းခြင်းသည် တစုံတရာလုပ်ဆောင်ခြင်းထက် သာ၍အရေးကြီးသည်၊ Matt. 18:19

C. အသင်းတော်၏ အမှုတော် ဆုတောင်းခြင်းသည် သူလိုချင်သောအရာကို လုပ်ဆောင်ရန် ဘုရားသခင်သည် အသင်းတော်ထံ စကားပြောခြင်းနှင့် မြေကြီးပေါ်၌ ဘုရားသခင် လိုချင်သော အရာကိုလုပ်ဆောင်ရန် အသင်းတော် ဆုတောင်းခြင်းဖြစ်သည်၊ ဤသို့ ဆုတောင်းခြင်းသည် ကျနော်တို့ လိုချင်သောအရာကို သူလုပ်ဆောင်ပြီးမြောက်ပေးဖို့ရန် ဘုရားသခင်ကို တောင်းဆိုခြင်းမျိုး မဟုတ်ဘဲ၊ သူကိုယ်တိုင်လိုချင်သောအရာကို ပြီးမြောက်ရန် ဘုရားသခင်ကို တောင်းဆိုသင့်သည်။